# ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲတွင်
# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ
# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ပြောကြားမည့် မိန့်ခွန်း
## ၂၀၁၉ ခုနှစ် မတ်လ ( ၁၆ ) ရက်နေ့၊
## Myanmar Convention Center၊ ရန်ကုန်မြို့။

- စီးပွားရေးမြို့တော်ဖြစ်တဲ့ရန်ကုန်မြို့မှာယနေ့ကျင်းပတဲ့ ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲသို့ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိလူကြီးမင်းများအားလုံးကို “မင်္ဂလာပါ” လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

- ချင်းပြည်နယ်အနေနဲ့စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကိုရင်ဆိုင်နိုင်အောင် ကြိုးပမ်းနေချိန်မှာစိတ်အားထက်သန်စွာရင်းနှီးမြှုပ်နှံလိုတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရာမှာဝိုင်းဝန်းဆောင်ရွက်ပေးလိုသူများအားလုံးကိုယခုလိုမျိုးတစ်စုတစ်စည်းတည်းတွေ့ဆုံခွင့်ရတဲ့အတွက် အထူးပဲဝမ်းသာမိပါတယ်။

- ဒီကနေ့ ကျင်းပတဲ့ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနဲ့ ဒေသထွက်ကုန်ပြပွဲဟာ ချင်းပြည်နယ် အတွက် ပထမဆုံးကျင်းပတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ဒေသထွက်ကုန်ပြပွဲပဲဖြစ်ပါတယ်။ ဒီအခမ်းအနားကချင်းပြည်နယ်အတွက် ရင်းနှီးမြှုပ်နှံမှုတွေဆွဲဆောင်ရာမှာ အခွင့်အရေးတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံသူတွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးနေတဲ့ အစိုးရရဲ့ဆောင်ရွက်မှုတွေ ကိုပြသနိုင်တဲ့အခွင့်အရေးတစ်ခုလည်းဖြစ်ပါတယ်။

- ကျွန်တော်တို့ ဒီနေ့ ဒီအခမ်းအနားမှာတွေ့ဆုံကြရတာကတော့ ချင်းပြည်နယ် မှာရှိတဲ့ များပြားလှတဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကိုဖော်ထုတ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ကိုဖိတ်ခေါ်ဖို့ပဲဖြစ်ပါတယ်။

- ချင်းပြည်နယ်မှာရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားတဲ့ လုပ်ငန်းရှင်များနဲ့ စီးပွားရေး အသိုက် အဝန်းများအတွက် ယနေ့အခမ်းအနားကချင်းပြည်နယ်မှာလုပ်ကိုင်နိုင်မယ့် အခွင့်အလမ်း သစ်များကိုသိရှိနိုင်ရုံသာမကနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနဲ့ ဒေသခံစီးပွားရေးလုပ်ငန်း များကိုတိုက်ရိုက်ချိတ်ဆက်နိုင်မယ့် အခွင့်အလမ်းများရရှိနိုင်မှာဖြစ်ပါတယ်။

- ယနေ့အခမ်းအနားကိုဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ကြတဲ့ ချင်းပြည်နယ် အစိုးရ အဖွဲ့၊ ချင်းပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်းပြောကြားလိုပါတယ်။

- ဒါ့အပြင် အဓိကကူညီပံ့ပိုးသူများဖြစ်ကြတဲ့ UK Aid၊DaNa Facility၊DFID, KBZ Bank, VDB Loiနဲ့ ယနေ့အခမ်းအနားကိုဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးကြသူများကိုလည်း ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။
- အထူးသဖြင့် မကြာမီကာလအတွင်းရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး မဟာဗျူဟာချမှတ်နိုင်ရေးအတွက် ချင်းပြည်နယ် အစိုးရကိုနည်းပညာ အကူအညီများ ပံ့ပိုးပေးလျက်ရှိတဲ့ UK Aid နှင့် DaNa Facilityတို့ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။

**ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား**

- မြန်မာနိုင်ငံကိုအာရှရဲ့နောက်ဆုံးဈေးကွက်ဟုပြောစမှတ်ပြုကြပါတယ်။အဲဒီလိုပဲချင်းပြည်နယ်ကိုလည်းရင်းနှီးမြှုပ်နှံဖို့ကောင်းတဲ့နေရာအဖြစ်ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။
- ချင်းပြည်နယ်ဟာမြန်မာနိုင်ငံရဲ့ အနောက်ဘက်ခြမ်းမှာတည်ရှိပြီးတော့ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ အားဆက်သွယ်ပေးတဲ့ ပေါင်းကူးတံတားလည်းဖြစ်ပါတယ်။ ဒီလို အချက်အချာကျတဲ့ နေရာမှာရှိနေပေမယ့်လည်းချင်းပြည်နယ်ရဲ့ တောင်တန်းတွေနဲ့ အခြေခံအဆောက်အဦများမပြည့်စုံမှုတို့ကချင်းပြည်နယ်အတွက်စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ဒီစိန်ခေါ်မှုတွေကရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်း များလည်းဖြစ်နိုင်ပါတယ်။
- လက်ရှိအစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်းအခြေခံအဆောက်အဦများနှင့် ဒေသခံများရဲ့ လူနေမှုအဆင့်အတန်းများ မြှင့်မားလာစေဖို့အတွက် တိုးတက်လာဖို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါတယ်။
- ဒီလိုကြိုးပမ်းတဲ့နေရာမှာပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းများစွာရှိနေပါတယ်။ အသေးစားရေအားလျှပ်စစ် စီမံကိန်းအတွက် အစီအစဉ်များနှင့် လေအားလျှပ်စစ်စီမံကိန်းတို့မှာမဟာဓာတ်အားလိုင်းမရောက်ရှိနိုင်သည့် ကျေးလက်ဒေသတွင် လျှပ်စစ်မီးရရှိနိုင်ရေးအတွက် သိသာထင်ရှားသည့် အလားအလာများဖြစ်ပါတယ်။
- **ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား**

- ချင်းပြည်နယ်ဟာသဘာဝသယံဇာတများပေါကြွယ်ဝပေမယ့် အဲဒီဒေသခံပြည်သူတွေ ဟာ အချိုးညီမျှတသောရင်းနှီးမြှုပ်နှံမှုအကျိုးကျေးဇူးများကိုအပြည့်အဝမခံစားနိုင်သေးတာကို တွေ့ရှိရပါတယ်။
- ပြည်နယ်၏ အဓိကစီးပွားရေး တစ်ခုဖြစ်တဲ့စိုက်ပျိုးရေး ကဏ္ဍမှာအလားအလာများစွာ ရှိနေပါတယ်။ ချင်းပြည်နယ်ဟာအော်ဂဲနစ်သစ်သီးကဏ္ဍတွင် ကြီးမားသော အလားအလာ ရှိတဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။
- ချင်းပြည်နယ်မှာရှိတဲ့လက်ယက်ကန်းနည်းပညာများနဲ့ တမူထူးခြားတဲ့ရိုးရာအထည် အလိပ်လုပ်ငန်းများဟာပြည်တွင်းနဲ့ ပြည်ပမှ ဝယ်ယူသူများကိုဆွဲဆောင်လျက်ရှိပါတယ်။
- ချင်းပြည်နယ်သည် တောင်ထူထပ်သည့်မြေမျက်နှာသွင်ပြင် အနေအထားများ၊ အသက်ရှူမှားလောက်သည့် အလှတရားများနဲ့ ကျော်ကြားတဲ့ ပြည်နယ် တစ်ခုဖြစ်ပါတယ်။ ဗစ်တိုးရီးယားတောင်လို့ လူသိများတဲ့ နတ်မတောင်ဟာ အရှေ့တောင်အာရှမှာ အမြင့်ဆုံးတောင်များအနက် တစ်ခုအပါအဝင်ဖြစ်ပြီးအာဆီယံ၏ ယဉ်ကျေးမှု အမွေအနှစ်ပန်းခြံတစ်ခုအဖြစ်နဲ့ ငှက်ကြည့်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်တဲ့ နေရာတစ်ခုအဖြစ် ကမ္ဘာလှည့်ခရီးသွားများအတွက် ထင်ရှားတဲ့ နေရာတစ်ခုဖြစ်ပါတယ်။

## ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား

- ယခုအချိန်ဟာချင်းပြည်နယ်မှ ရင်းနှီးမြှုပ်နှံဖို့ ကောင်းမွန်တဲ့ အချိန်ပဲဖြစ်တယ် ဆိုတာကိုမိမိအနေနဲ့ ဒီနေရာမှာနိဂုံးချုပ်ပြောကြားလိုတာကတော့
- ယနေ့ မြန်မာနိုင်ငံဟာရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများပြန်လည်ပွင့်လန်းလာတဲ့အချိန် ဖြစ်တဲ့ အတွက် ချင်းပြည်နယ်ကိုလည်းဒီအခွင့်အလမ်းတွေခံစားရရှိစေဖို့ မလွဲမသွေ ကြိုးစားရဆောင်ရွက် သွားမှာဖြစ်ပါတယ်။
- မိမိတို့အနေနဲ့ ရင်းနှီးမြှုပ်နှံမှုများကိုပြုလုပ်တဲ့အခါမှာအကျိုးအမြတ်ကျန်ရှိစေရုံသာမကချင်းပြည်နယ်ရဲ့ စီးပွားရေးနဲ့ လူမှုရေးတွေကိုဘယ်လိုအကောင်းဆုံးပံ့ပိုးပေးနိုင်မလဲဆိုတာကိုပါ ထည့်သွင်း စဉ်းစားရမှာဖြစ်ပါတယ်။ ချင်းပြည်နယ်ကဲ့သို့ “Frontier” ဈေးကွက်တွေမှာ တာဝန်ယူမှုရှိပြီးတော့ ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်စေဖို့အတွက် စီမံကိန်းများနဲ့ ဦးစားပေးမှုများကိုဘက်ပေါင်းစုံကနေထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီလိုပြီးပြည့်စုံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာချင်းပြည်နယ်ရဲ့ စဉ်ဆက်မပြတ်

ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသခံတွေရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

- ဒီကနေ့အခမ်းအနားဟာချင်းပြည်နယ်အတွက် ပထမဆုံးအကြိမ် ကျင်းပတာဖြစ်တဲ့အတွက် ဒီအခမ်းအနားကနေကောင်းမွန်ခိုင်မာတဲ့ ရင်းနှီးချစ်ကြည်မှုတွေကို ဆောင်ကြဉ်းပေးနိုင်မယ်လို့ ဆန္ဒပြုပါတယ်။
- မြန်မာနဲ့ချင်းလူမျိုးတို့အကြားကြာရှည်ခိုင်မြဲတဲ့ ရင်းနှီးချစ်ကြည်မှုတွေနဲ့ အခွင့်အလမ်းများကို မြှင့်တင်ဖို့နဲ့ လူမှုစီးပွားတိုးမြှင့်စေဖို့အတွက် ဈေးကွက်များ ပေါ်ထွန်းလာစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့။
- **ဂုဏ်သရေရှိလူကြီးမင်းများခင်ဗျား**
- ဒီကနေ့ အခမ်းအနားကိုတက်ရောက်လာတဲ့ ကျွန်တော်တို့အားလုံးဟာချင်းပြည်နယ်ရဲ့ ထူးခြားလှတဲ့ စီးပွားရေး အလားအလာကောင်း တွေကို ပြည်တွင်းပြည်ပ မှာရှိတဲ့ စီးပွားရေးအသိုက်အဝန်းတွေနဲ့ မိတ်ဆက်မြှင့်တင်ပေးတဲ့ သံတမန် များ ပဲဖြစ်ပါ တယ်။
- မြန်မာနိုင်ငံရဲ့ အလှအပဆုံးအစိတ်အပိုင်းဖြစ်တဲ့ ချင်းပြည်နယ်ရဲ့ စီးပွားရေးအခွင့်အလမ်းကောင်းတွေကိုဖော်ထုတ်နိုင်ဖို့အတွက် ချင်းပြည်နယ် DICA ရုံးအဖွဲ့နဲ့အတူ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအဖွဲ့သားများအားလုံးကဝမ်းမြောက်စွာနဲ့ ကူညီဆောင်ရွက်ပေးဖို့ အသင့်ရှိနေကြောင်း ပြောကြားလိုပါတယ်။
- ကျေးဇူးတင်ပါတယ်။